Video Sidekick

Teacher FOCUS Myanmar

## Video: ISLI

၁။ ဘယ်လိုအဖွဲ့အရွယ်အစားမျိုးကို သင့်စာသင်ခန်းတွင် မကြာခဏ ပြုလုပ်လေ့ရှိပါသလဲ။ အဘယ်ကြောင့်နည်း။

၂။ ဗွီဒီယိုထဲတွင် ဆရာမမှ အတန်းပြင်တွင် အဖွဲ့ငယ်များဖွဲ့၍ လုပ်ရှားမှုများမလုပ်ဆောင်ခင် ကျောင်းသား တစ်ဦးချင်းစီအား နားလည်မှုကို အရင် စစ်ဆေးခဲ့ပါသည်။အဘယ် ကြောင့်ဆရာမမှထိုသို့လုပ်ဆောင်ခဲ့ပါသနည်း။ အကယ်၍ ဆရာမမှ ကျောင်းသားတစ်ယောက်ချင်းစီကို စစ်ဆေးမှုမလုပ်ခဲ့လျှင် မည်သည့်ရလဒ်များရလာမည်ဟု သင်ထင်ပါလဲ၊

၃။ ၀၁ း ၅၅ - ၀၂ း ၀၀ အချိန်ကိုကြည့်ပါ။ ကျောင်းသားများအချင်းချင်းမည်သို့ကူညီနေသည်ကိုသင်တွေ့ရပါသလဲ။ အုပ်စုကြီးအနေဖြင့်လုပ်ဆောင်ခြင်းသည် ၎င်းတို့အား မေးခွန်းတိုက်ရိုက်မေးခံရမှာကြောက်သော ရှက်တတ်သော၊ မိမိကိုယ်ကိုယ်ယုံကြည်မှုအားနည်းသောကျောင်းသားများအတွက် အဘယ်သို့အထောက်အကူဖြစ်စေပါသနည်း။

၄။ ဆရာမနော်စီစီထွန်းကဲ့သို့ သင်ခန်းစာ၏ အဆုံးတွင် ကျောင်းသားတစ်ယောက်ချင်းစီအလိုက်စစ်ဆေးမှုသည် အဘယ့်ကြောင့် အရေးပါ သည်ဟု သင်ထင်ပါသလဲ။

၅။ သင့်အနေဖြင့်ရော အုပ်စုဖွဲ့ရာတွင် မည်သည့်ကျောင်းသားများ က မည်သည့်အုပ်စုတွင်ပါဝင်ရမည်ကို မည်သို့စဉ်းစားဆုံးဖြတ်မည်နည်း။ *ဥပမာ။ ကျောင်းသားများ၏ ဘာသာစကားစွမ်းရည်ပေါ်မူတည်၍*

၆။ ဗွီဒီယိုကိုကြည့်ပြီးပြီဆိုပါက အောက်ပါဇယားကွက်ကိုဖြည့်ပါ။ အုပ်စုတစ်ဖွဲခြင်းစီ၏လုပ်ဆောင်မှုများနှင့် အဘယ့်ကြောင့်ဆရာက ထိုသို့ပြုလုပ်ရခြင်းများကို ဖြည့်စွက်ကြည့်ပါ။

| **အဖွဲ့အရွယ်အစား** | **သင်ခန်းစာတွင် ဆရာသည်မည့်သည့်အရာကိုလုပ်ဆောင်ခဲ့သနည်း။** | **ထိုသို့ပြုလုပ်ရခြင်း၏ရည်ရွယ်ချက်ကိုဖေါ်ပြပါ။** |
|---|---|---|
| တစ်ယောက်ချင်း အနေဖြင့် | | |
| အဖွဲ့ငယ် အနေဖြင့် | | |
| အဖွဲ့ကြီး အနေဖြင့် | | |
| တစ်ယောက်ချင်း အနေဖြင့် | | |

အောက်ပါနည်းလမ်းများသည် သင့်အနေဖြင့် မတူညီသော အုပ်စုအရွယ်အစားများခွဲချိန်တွင် အသုံးပြုနိုင်ရန် အကြံပေးချက်များဖြစ်ပါသည်။

ဘယ်အချိန်မှာ မတူညီတဲ့အုပ်စုဖွဲ့ပုံတွေကို အသုံးပြုမလဲ။

မတူညီတဲ့ အုပ်စုအရွယ်အစားများ အတွက် ရည်ရွယ်ချက်အမျိုးမျိုးရှိနိုင်ပါသည်။ သင့်ရဲ့ Activity မှာ ကျောင်းသားများကိုပြုလုပ်ခိုင်းမည့်အကြောင်းအရာပေါ် မူတည်၍ အုပ်စုအရွယ်အစားကို ဂရုတစိုက် ရွေးချယ်ရပါမည်။အောက်ပါ အကြောင်းအရာများမှာ အုပ်စုအရွယ်အစား ၅ မျိုးနှင့် ဥပမာ Activity များကိုဖေါ်ပြထားပါတယ်။

**(၁) တစ်ဦးချင်းစီအလိုက်။ ။**
မှတ်စုရေးခိုင်းစေခြင်း၊ စမ်းစစ်ခြင်း ၊ မေးခွန်းများမေးခြင်း၊ ကိုယ့်ကိုကိုယ်သင်ခြင်းပေးခြင်းလှူပ်ရှားဆောင်ရွက်မှု၊ ဇယားကွက်ဖြေ့ ခြင်း၊အိမ်စာလုပ်ခိုင်းခြင်း၊ စာပိုဒ်များကို အကျဉ်းချုပ်ဖေါ်ပြစေခြင်း၊ အသံတိတ်စာဖတ်စေခြင်း၊ ကိုယ့်ဘာသာ လေ့လာစေခြင်း၊ သုံး-နှစ်-တစ်၊ ထောင့်လေးထောင့်



**(၄) အဖွဲ့ကြီး အလိုက် (၆ ယောက်နှင့်အထက်)။**
Debate အစီအစဉ်၊ သရုပ်ဆောင်ခြင်း၊ အဆင့်များ အဆင့်ဆင့်ပါဝင်တဲ့ ပရောဂျက်များလုပ်စေခြင်း၊ ပြဿနာ အခြေပြု သင်ယူနည်း၊



**(၂) နှစ်ယောက်တွဲအလိုက်။ ။**
တွေး-တွဲ-မျှဝေ၊ အချင်းချင်း သင်ကြားပေးခြင်း၊ ပရောဂျက်လုပ်ခိုင်းခြင်း၊ စမ်းသပ်မှု နှင့် အတွေ့အကြုံများကိုရှာဖွေခိုင်းခြင်း၊ အိမ်စာလုပ်ခိုင်းခြင်း၊ Presentation လုပ်စေခြင်း၊ စုံထောက် အစီအစဉ်



**(၅) တခန်းလုံး အလိုက်။ ။**
တခန်းလုံးဆွေးနွေးခြင်း၊ အကြံဉာဏ်များကိုတွေးတော စေခြင်း၊ Mind Map စွဲစေခြင်း၊ ကျောက်သင်ပုန်းတွင် ပြည့်အောင်ရေးစေခြင်း



**(၃) အဖွဲ့ငယ် အလိုက် (၃-၅ ယောက်ကြား)။ ။** ပိုစတာများပြုလုပ်စေခြင်း၊ စမ်းသပ်မှုဖြင့် အတွေ့အကြုံများကို ရှာဖွေ ခိုင်းခြင်း၊ သရုပ်ဆောင်ခြင်း၊ အဖွဲ့လိုက် ပရောဂျက်လုပ်စေခြင်း( သို့) Presentation လုပ်စေခြင်း၊ ပြဿနာ အခြေပြု သင်ယူနည်း၊ ကျောင်းသားအချင်းချင်းသင်ကြားစေခြင်း၊ ပြခန်းတွင်း လမ်းလျှောက်ခြင်းအစီအစဉ်၊ စုံထောက်အစီအစဉ်



**TeacherFOCUS ပန်းတိုင်: ISLI ကို သင်ခန်းစာတစ်ခုခုတွင် အသုံးပြုပါ။**